# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 16 , 2024 Volume 74, Number 10

၁၆.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၄၉ US$ |
| မြန်မာ့ရွှေဈေး | = ၃၇၇၀၀၀၀ |
| ဒေါ်လာဈေး | = ၃၄၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၇.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၉.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၈.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၉၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၄၀၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## ခြောက်ကြိမ်မြောက် (WCIFIT)ပွဲသို့ မြန်မာလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်ထား




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ချုံချင့်မြို့တွင် ကျင်းပပြုလုပ်မည့် "The 6th Western China International Fair for Investment and Trade (WCIFIT)" သို့ မြန်မာလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပွဲကို ၂၀၂၄ ခုနှစ်၊ မေလ (၂၄) ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

WCIFIT သည် တရုတ်နိုင်ငံ အနောက်ဘက်ဒေသရှိ အမျိုးသားအဆင့် နိုင်ငံတကာပွဲဖြစ်ကာ အရေးကြီးသော သံတမန်ရေးရာ၊ ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး ပလက်ဖောင်းတစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာနှင့် ပြည်တွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း သိရသည်။

အဆိုပါ ပြပွဲတွင် ပါဝင်ပြသနိုင်ရန် 9㎡ standard booth တစ်ခန်းလျှင် Main Channel လျှော့ဈေးအတွက် 1500 RMB နှင့် second channel လျှော့ဈေးအတွက် 1000 RMB ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ပြပွဲပြသသူများအနေဖြင့် ကုန်သွယ်မှုညှိနှိုင်းမှုများပြုလုပ်ရန်နှင့် အနောက်နိုင်ငံများနှင့် ဈေးကွက်ချဲ့ထွင်ရန်အတွက် ဆူပါမားကက်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များကဲ့သို့သော အနောက်တိုင်းဒေသရှိ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ လုပ်ငန်းရှင်များ တက်ရောက်ကြမည်ဖြစ်သည်။

ပြပွဲသို့ပါဝင်တက်ရောက်ရန် စိတ်ပါဝင်စားသည့် ကုန်သည်/စက်မှုအသင်းချုပ်ရှိ သက်ဆိုင်ရာ ညီနောင်အသင်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်အချက်အလက်များနှင့် မှတ်ပုံတင်ခြင်းကို Sukie Gu, Business Manager, Exhibition Division Chongqing, International Expo Center သို့ တိုက်ရိုက်စုံစမ်းမေးမြန်း၍ အမည်စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

ပါဝင်တက်ရောက်မည်ဆိုပါက မိမိတို့၏ Company Letter head ဖြင့် တက်ရောက်မည့်သူ၏ အမည်၊ ရာထူး၊ ကုမ္ပဏီ/လုပ်ငန်း/အသင်းအဖွဲ့အမည်၊ Email Address နှင့် ဖုန်းနံပါတ်တို့ကို ကုန်သည်/စက်မှုအသင်းချုပ်၊ အသင်းသားရေးရာဌာန၊

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ပြပွဲဌာနစိတ်၊ Email: itpc.umfcci@gmail.com၊ ဖုန်း ၀၁-၂၃၁၄၃၄၄ (Ext: ၃၀၁)၊ သို့ အမည်စာရင်း မိတ္တူပေးပို့နိုင်ကြောင်း အသိပေးထားသည်။

**Source:** https://www.popularmyanmar.com/?p=145523

## မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ



မြဝတီကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၃ ရက်နေ့ထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၄ ဒသမ ၃၂၅ အမေရိကန်ဒေါ်လာသန်းနှင့် သွင်းကုန် ၁၁ ဒသမ ၄၂၄ အမေရိကန်ဒေါ်လာသန်းဖြင့် စုစုပေါင်းကုန်သွယ်မှုပမာဏ ၁၅ ဒသမ ၇၄၉ အမေရိကန်ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

မြဝတီကုန်သွယ်ရေးဇုန်မှ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုများ ဆောင်ရွက်လျက်ရှိရာ ၉-၁-၂၀၂၄ ရက်နေ့မှ ၁၃-၁-၂၀၂၄ ရက်နေ့ထိ ပို့ကုန်တင်ပို့မှုအနေဖြင့် မြေပဲအစို ၃၈ ဒသမ ၃၁၅တန်၊ ကြက်သွန်နီ ၂၀၇၄ ဒသမ ၁၈၀ တန်၊ ကော်ဖီစေ့ ၅၂ တန်၊ ငရုတ်သီးခြောက် ၄၀၀ ဒသမ ၃၈၂ တန်၊ ငရုတ်သီးစိမ်း အစို ၁၈၈ ဒသမ ၉၀၄ တန်၊ သတ္တုနှင့်သတ္တုရိုင်း ၉၆ တန်နှင့် ချုပ်ပြီးအထည် ၈၄၂၃ တန်တို့ ဖြစ်သည်။

သွင်းကုန်အနေဖြင့် ပလတ်စတစ်ကုန်ကြမ်းများ ၁ ဒသမ ၇၀၇ ဒေါ်လာသန်း၊ အခြားပစ္စည်းများ ၁ ဒသမ ၆၀၉ ဒေါ်လာသန်း၊ မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ ၀ ဒသမ ၇၃၃ ဒေါ်လာသန်း၊ ဆေးဝါးပစ္စည်းများ ၀ ဒသမ ၄၁၆ ဒေါ်လာသန်း၊ ဓာတုဗေဒ ၀ ဒသမ ၄၁၄ ဒေါ်လာသန်း၊ စက်နှင့်စက်ပစ္စည်းများ ၀ ဒသမ ၃၄၃ ဒေါ်လာသန်း၊ တာယာနှင့်ကျွတ် ၀ ဒသမ ၂၂၉ ဒေါ်လာသန်း၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ ၀ ဒသမ ၁၈၁ ဒေါ်လာသန်း၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ ၀ ဒသမ ၁၃၀ ဒေါ်လာသန်းတို့ဖြစ်သည်။ ငွေလဲနှုန်းအနေဖြင့် ယခုအပတ်တွင် တစ်ဘတ်လျှင် ၉၈ ဒသမ ၅၂ ကျပ် ဖြစ်ကြောင်းသိရှိရသည်။

**Source:** https://www.commerce.gov.mm/my/article/update-news-border-area-trade/%E1%80%99%E1%

## ဖရဲ ရောင်းဈေး/ဝယ်ဈေးပုံမှန်ရှိသော်လည်း ကုန်ကျစရိတ်ကြီးမြင့်နေ

တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသည့် မြန်မာ့ဖရဲရောင်းဈေး၊ ဝယ်ဈေးပုံမှန်ရှိသော်လည်း ကုန်ကျစရိတ်ကြီးမြင့်နေကြောင်း နယ်စပ်သစ်သီးကုန်သည်များ၏ ပြောပြချက်အရ သိရသည်။

“ရောင်းဈေးဝယ်ဈေးက သူ့အခြေအနေနဲ့သူ ပုံမှန်ပဲ။ သွားလမ်းလာလမ်း ကုန်ထုတ်လမ်းနဲ့ကုန်ကျစရိတ်က ပုံမှန်မဟုတ်တော့ သမင်မွေးရင်း ကျားစားရင်း၊ စိုက်ပျိုးထုတ်လုပ်သူနဲ့ ငွေရင်းငွေနှီးစိုက်ထုတ်သူ လုပ်ငန်းရှင်တွေလုံးပါးပါးနေရဦးမယ့် အခင်းအကျင်းပါ။ ကုန်သွယ်ဖက် တရုတ်ရဲ့အခြေအနေနဲ့စားသုံးသူ (Consumer)ရဲ့ သုံးစွဲနိုင်မှုက ပြောင်းလဲသွားပြီ” ဟု ခွာညိုသစ်သီးပွဲရုံကဆိုသည်။

ထို့ပြင် တရုတ်နိုင်ငံဘက်မှ ကိုဗစ်အလွန် နေထိုင်စားသောက်မှုပုံစံပြောင်းလဲလာခြင်းသည် မြန်မာ့သစ်သီးဈေးကွက်အပေါ် ရိုက်ခတ်မှုရှိနေကြောင်း သိရသည်။

မြန်မာ့သစ်သီးဝလံများကို မူဆယ် ကျင်စန်းကျော့ဂိတ်မှ တရုတ်ဘက်သို့ အများဆုံးတင်ပို့ခြင်းဖြစ်ပြီး ရှမ်းမြောက်တိုက်ပွဲကြောင့် ကျိုင်းတုံ-မိုင်းလားနှင့် ဗန်းမော်-လွယ်ဂျယ်လမ်းကြောင်းမှ ပြောင်းလဲတင်ပို့နေရကြောင်း သိရသည်။

အဆိုပါ လမ်းကြောင်းများမှ သွားလာနေရသည့်အတွက် ဖရဲသီးကားတစ်စီးလျှင် ကျပ်သိန်း ၁၀၀ ခန့် ကုန်ကျစရိတ်ရှိနေပြီး တရုတ်ဈေးကွက်၌ ဖရဲသီးကားတစ်စီးလျှင် တရုတ်ငွေ ယွမ် ၂၀၀၀၀ မှ ၃၅၀၀၀ အထိရကြောင်း သိရသည်။ လက်ရှိရာသီသည် ဖရဲသီးများ စတင်ထွက်ရှိသည့်ကာလဖြစ်ပြီး ယခုအချိန်တွင် မန္တလေး၊ စစ်ကိုင်း၊ ပဲခူးအရှေ့ခြမ်း၊ ရန်ကုန်တိုင်းလှည်းကူးဒေသ၊ မိတ္ထီလာနှင့်သီပေါ အစရှိသည့်ဒေသများမှ ဖရဲသီးများ ထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

တရုတ်သို့ လာအိုနိုင်ငံမှလည်း ဖရဲတင်ပို့မှုရှိပြီး ၎င်းတို့သည် ကုန်ကျစရိတ်သက်သာသည့်အတွက် မြန်မာသစ်သီးကုန်သည်များ အနေဖြင့် သတိထားလုပ်ဆောင်ကြရန်လည်း သတိပေးထားသည်။

**Source:** https://www.popularmyanmar.com/?p=145529

## ဆန်စပါးသိုလှောင်ရုံများ MyRO စနစ်တွင် မှတ်ပုံတင်ရန် ဆန်စပါးအသင်းချုပ် အသိပေး

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ညီနောင်ဆန်စပါးအသင်းအဖွဲ့များ၏ တိုင်းဒေသကြီး၊ ပြည်နယ်ခရိုင်၊ မြို့နယ်အဆင့် အသင်းခွဲများ၊ ဒေသကော်မတီများ၊ ကုန်စည်ဒိုင်များအနေဖြင့် မိမိတို့အသင်းဝင်များ၏ ဆန်စပါးသိုလှောင်မှု မှတ်ပုံတင်ခြင်း လုပ်ငန်းကို အချိန်မီဆောင်ရွက်နိုင်ရေး စီစဉ်ညှိနှိုင်းဆောင်ရွက်ပေးပါရန်လည်းကောင်း၊ ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလ လုပ်ငန်းရှင်များအနေဖြင့်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ MyRO တွင် မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဇန်နဝါရီ ၁၂ ရက်တွင် အသိပေးနှိုးဆော်ခဲ့သည်။

စျေးဝယ်အရောင်းစင်တာ (Super market) များအနေဖြင့်လည်း မိမိတို့၏ စင်တာများတွင် ခင်းကျင်းပြသရောင်းချသော ဆန်အိတ်များသိုလှောင်သည့် သိုလှောင်ရုံများ မှတ်ပုံတင်နိုင်ရေးကိုလည်းကောင်း၊ အထူးအလေးပေး ကြပ်မတ်ဆောင်ရွက် ပေးရန် စားသုံးသူရေးရာဦးစီးဌာန ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စာဖြင့်ပေးပို့အကြောင်းကြားထားပါသဖြင့် လိုက်နာရန် နှိုးဆော်အပ်ကြောင်း ဆန်စပါးအသင်းချုပ်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးမှ သိုလှောင်ရုံ ၈၇ လုံး၊ ဧရာဝတီတိုင်းဒေသကြီးမှ သိုလှောင်ရုံ ၅၂ လုံး၊ ပဲခူးတိုင်းဒေသကြီးမှ သိုလှောင်ရုံ ၁၀ လုံး၊ မန္တလေးတိုင်းဒေသကြီးမှ သိုလှောင်ရုံလေးလုံး၊ စစ်ကိုင်းတိုင်း ဒေသကြီးမှ သိုလှောင်ရုံ တစ်လုံး၊ နေပြည်တော်ကောင်စီနယ်မြေမှ သိုလှောင်ရုံ ၁၉ လုံးနှင့် ရခိုင်ပြည်နယ်မှ သိုလှောင်ရုံတစ်လုံး စုစုပေါင်း ၁၇၄ လုံး မှတ်ပုံတင်ဆောင်ရွက်ထားပြီးဖြစ်သည်။

ပြည်တွင်းဆန်စျေးနှုန်းတည်ငြိမ်စေရေး၊ ပြည်ပသို့ ဆန်တင်ပို့မှု စနစ်တကျသတ်မှတ်ဆောင်ရွက်နိုင်ရေးတို့အား ရည်ရွယ်၍ ဆန်စပါးကဏ္ဍတွင် ပုံမှန်လုပ်ငန်းလုပ်ကိုင်နေသူများအား ဝန်ထုပ်ဝန်ပိုးနှင့် ထိခိုက်မှုမရှိစေရေးအတွက်လည်းကောင်း၊ စျေးကစားလိုသည့်ရည်ရွယ်ချက်ဖြင့် သမားရိုးကျ ရောင်းဝယ်ခြင်းမဟုတ်သည့် လုပ်ငန်းများကို ထိန်းကျောင်းနိုင်ရေးအတွက် လည်းကောင်း၊ စျေးဝယ်အရောင်းစင်တာ (Super market) များနှင့် လက်လီလက်ကားဆန်ဆိုင်များတွင် ခင်းကျင်းရောင်းချမှု များအတွက် သိုလှောင်မှုများကို စနစ်တကျရှိစေရန်အတွက်လည်းကောင်း၊ စီးပွားဖြစ်ရောင်းဝယ်ရန်အလို့ငှာ ဆန်တန်ချိန် ၅၀ သို့မဟုတ် စပါးတင်း ၅၀၀၀ နှင့်အထက် သိုလှောင်ထားရှိမှုများကို မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online–MyRO) စနစ်တွင် မှတ်ပုံတင်ရန် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၄ ရက်က အသိပေးကြေညာထားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဆန်စပါးသိုလှောင်ရုံများ MyRO စနစ်တွင် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဖုန်း–၀၉–၈၉၃၀၉၅၅၀၃၊ ၀၉–၉၇၅ ၈၆၄ ၂၆၀ နှင့် Email–myromyanmar.mm@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## လက်ရှိဘဏ္ဍာနှစ် ရှစ်လအတွင်း ပြည်ပမှ မော်တော်ယာဉ်အစီးရေ ၆၉၀၆ ကျော် တင်သွင်းထားပြီး လူစီးယာဉ် ၁၇၈၀ ကျော်နှင့် ဘတ်စ်ကားအစီး ၅၀ ကျော် ပါဝင်

၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် ၈လအတွင်း ပြည်ပမှ မော်တော်ယာဉ်အစီးရေ ၆၉၀၆ ကျော် တင်သွင်းထားပြီး လူစီးယာဉ် ၁၇၈၀ ကျော်နှင့် ဘတ်စကားအစီး ၅၀ ကျော်ပါဝင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ကိုးကားပြီး စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ ဒီဇင်ဘာ ၁ ရက်အထိ ပြည်ပမှ မော်တော်ယာဉ်တင်သွင်းမှုအနေဖြင့် လူစီးယာဉ် ၁၇၈၄ စီး တင်သွင်းမှုမှ ဒေါ်လာ ၃၉ ဒသမ ၀၄ သန်း၊ ဘတ်စကား ၅၄ စီး တင်သွင်းမှုမှ ဒေါ်လာ ၁ ဒသမ ၀၄ သန်း၊ ထရပ်ကား ၈၆၅ စီး တင်သွင်းမှုမှ ဒေါ်လာ ၁၃ ဒသမ ၁၃ သန်း ၊ ယန္တရား ၄၂၀၃ စီးတင်သွင်းမှုမှ ဒေါ်လာ ၁၃၆ ဒသမ ၈ သန်း၊ ယာဉ်အပိုပစ္စည်း တင်သွင်းမှုမှ ဒေါ်လာ ၄၅ ဒသမ ၀၂ သန်းဖြင့် စုစုပေါင်းဒေါ်လာ ၂၃၅ ဒသမ ၀၂ သန်းရှိသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ စက်တင်ဘာ ၂၉ ရက်အထိ ပြည်ပမှ မော် တော်ယာဉ်တင်သွင်းမှုအနေဖြင့် လူစီးယာဉ် ၁၁၈ စီးတင်သွင်းမှုမှ ဒေါ်လာ၂ ဒသမ ၉၃ သန်း၊ဘတ်စကား၁၁၃ စီးတင်သွင်းမှုမှ ဒေါ်လာ ၁ ဒသမ ၈၄ သန်း ထရပ်ကား ၄၉၇ စီး တင်သွင်းမှုမှ ဒေါ်လာ ၆ ဒသမ ၁၉ သန်း ၊ ယန္တရား ၉၉၅ စီး တင်သွင်းမှုမှဒေါ်လာ ၅၅ ဒသမ ၇၁ သန်း၊ ယာဉ်အပို ပစ္စည်း တင်သွင်းမှုမှ ဒေါ်လာ ၃၂ ဒသမ ၉၄ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၉၉ ဒသမ ၉၁ သန်းရှိသည်။

၂၀၂၄ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့်ခုနှစ် သတ်မှတ်ချက်များ ထုတ်ပြန်လိုက်ပြီး လက်ရှိဆောင်ရွက်နေသည့်မူဝါဒများ ပြောင်းလဲမှုမရှိဘဲ ဆက်လက်ကျင့်သုံးလျက်ရှိကြောင်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၈၀/၂၀၂၃)ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

၂၀၂၄ ခုနှစ်အတွက် ပြည်ပမှမော်တော်ယာဉ်တင်သွင်းခြင်းတွင် ထုတ်လုပ်သည့် ခုနှစ်သတ်မှတ်ချက်အရ လူစီး မော်တော်ယာဉ်များအတွက် ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ၊ လုပ်ငန်းသုံးမော်တော်ယာဉ်များဖြစ်သည့် ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များကို ၂၀၂၀ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ၊ မီးသတ်ယာဉ်၊ လူနာတင်ယာဉ်များအတွက် ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိနှင့် ယန္တရားယာဉ်များအတွက် ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ သတ်မှတ်ထားသည်။ လူစီးမော်တော် ယာဉ်၊ လုပ်ငန်းသုံးယာဉ်များ၊ မီးသတ်ယာဉ်၊ လူနာတင်ယာဉ်များကို တင်သွင်းရာတွင် လက်ဝဲစတီယာရင် မော်တော်ယာဉ်များ ကိုသာ တင်သွင်းခွင့်ပြုကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အများပြည်သူသုံးလမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်းမရှိသည့်လုပ်ငန်းသုံး ယန္တရားများအား လွန်ခဲ့သော ၁၅ နှစ် အတွင်း ထုတ်လုပ်သည့်ယာဉ် (၂၀၁၀ ခုနှစ်နှင့် အထက်ထုတ်လုပ်သောယာဉ်)များအဖြစ် တင်သွင်းခွင့်ပြုမည်ဖြစ်သည်။

အဆိုပါအမိန့်ကြော်ငြာစာ ထုတ်ပြန်ချက်သည် လုပ်ထုံးလုပ်နည်းအရ ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ်တင်သွင်းခွင့်ပြုသည့် မော်တော်ယာဉ်ထုတ်လုပ်ခုနှစ်သတ်မှတ်ချက်အား ပုံမှန်ထုတ်ပြန်ခြင်းသာဖြစ်ကြောင်း၊ မော်တော်ယာဉ် တင်သွင်းမှုနှင့်ပတ်သက်ပြီး လက်ရှိချမှတ်ဆောင်ရွက်နေသည့် မူဝါဒများပြောင်းလဲခြင်းမရှိဘဲ ဆက်လက်ကျင့်သုံးလျက် ရှိသည်ဟု ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Source:** https://news-eleven.com/article/286878

## တရုတ်နှစ်ကူးနီးလာချိန် နယ်စပ်မှဖရဲသီးဝယ်လိုအား မြင့်တက်လာ




တရုတ်နှစ်သစ်ကူးကာလနီးလာချိန်တွင် တရုတ်နိုင်ငံဘက်က ဖရဲသီး ဝယ်လိုအားမြင့်တက်လာကြောင်း နယ်စပ်ကုန်သည်များနှင့် ဖရဲစိုက်တောင်သူများ ထံမှ သိရပါတယ်။

လက်ရှိမှာ နယ်စပ်လမ်းကြောင်းတွေအားလုံးကို အသုံးပြုလို့မရတော့ ရတဲ့ နေရာကနေပဲ ပို့နေရတာပါ။ ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းတုန်းကဆိုရင် အရောင်းအဝယ် မကောင်းဘူး။ အခု နှစ်ဆန်းပိုင်းလောက်မှာ အရောင်းအဝယ် ပြန်ဖြစ်လာတာပေါ့။ ဒါပေမဲ့လည်း ပုံမှန်လမ်းကြောင်းတွေကနေ မတင်ပို့နိုင်တော့ လမ်းစရိတ် ပိုကုန်ကျသလို ပျက်စီးမှုကြုံရတာလည်းရှိတာပေါ့။ ဘာပဲဖြစ်ဖြစ် ရောင်းမထွက်တာနဲ့စာရင် တော်သေးတယ်လို့ နယ်စပ်ဒေသရှိ ကုန်သည်တစ်ဦးက ပြောပါတယ်။

ယခင်နှစ်တွေကလည်း တရုတ်နှစ်သစ်ကူးပွဲတော်ရက်နီးကပ်လာချိန်တွင် ဝယ်လိုအားကောင်းလေ့ရှိပြီး သစ်သီး အရည်အသွေးကောင်းမွန်ပါက ဈေးကောင်းပိုရလေ့ရှိကြောင်း သိရပါတယ်။

တရုတ်နှစ်သစ်ကူးကာလသည် ယခုနှစ်အတွက် ဖေဖော်ဝါရီ ၁၀ ရက်နေ့တွင် ကျရောက်မည်ဖြစ်ပြီး ၁၆ ရက်တာ ပွဲတော်ကိုဆင်နွှဲကြမှာဖြစ်ကာ ပွဲတော်နီးလာပြီဖြစ်သည့်အချိန်တွင် တရုတ်နိုင်ငံဘက်မှ မြန်မာ့ဖရဲဝယ်လိုအား ပိုများလာ နေခြင်းဖြစ်ကြောင်း သိရပါတယ်။

လက်ရှိတွင် လွယ်ဂျယ်နှင့်မိုင်းလား ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဖရဲနှင့် သခွားမွှေးသီးများကို တင်ပို့လျက်ရှိရာ ဖရဲသီးတစ်တန်ကို တရုတ်ငွေ ယွမ် ၃၀၀၀ ကျော် ဈေးရနေကြောင်းလည်း သစ်သီးကုန်သည်များထံမှ သိရပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ ဖရဲသီးလှိုင်လှိုင်ထွက်ချိန်ဟာ နိုဝင်ဘာလမှဖွန်လအထိဖြစ်ပြီး အဲဒီအချိန်တွေမှာ အများဆုံး တင်ပို့ခဲ့ရခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၃ ခုနှစ် ဇန်နဝါရီမှဩဂုတ်လကုန်အထိ တရုတ်နိုင်ငံသို့ နယ်စပ်မှတစ်ဆင့် ဖရဲသီးတန်ချိန် ၁,၁၃,၀၀၀ ကျော်တင်ပို့ခဲ့ခြင်းဖြစ်ပြီး၊ ကားအစီးရေ ၇၀၀၀ ကျော်ဖြင့် တင်ပို့ခဲ့ရတယ်လို့ နယ်စပ်ကုန်သည်များထံမှ သိရပါတယ်။

**Opinion Leaders မှ ကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## စိုက်ပျိုးမှုဧရိယာ ကျဉ်းမြောင်းလာသည်နှင့်အမျှ ဗီယက်နမ်၏ကော်ဖီအထွက်နှုန်းမှာ ဆက်လက်ကျဆင်းမည်ဟု မျှော်လင့်

ကော်ဖီဈေးနှုန်းများ ကာလကြာရှည်စွာ နိမ့်ကျခြင်းကြောင့် တောင်သူအများအပြားသည် အခြားအမြတ်အစွန်းများသော သီးနှံများကို ပြောင်းလဲစိုက်ပျိုးကြခဲ့ကြောင်း၊ ရာသီဥတုဖောက်ပြန်မှု၏သက်ရောက်မှုနှင့်အတူ လာမည့်ကော်ဖီထွက်ရှိချိန်တွင် ကော်ဖီထုတ်လုပ်မှုလျော့ကျသွားနိုင်ကြောင်း အကောက်ခွန်အွန်လိုင်းမဂ္ဂဇင်း ဖော်ပြချက်အရ သိရှိရသည်။

ကိုဗစ် ၁၉ သက်ရောက်မှုအပြီး ၃ နှစ်အကြာတွင် ကျင်းပခဲ့သည့် ၂၇ ကြိမ်မြောက် အာရှနိုင်ငံတကာ ကော်ဖီညီလာခံ (Coffee Outlook) ကို ဒီဇင်ဘာ ၅ ရက်နေ့က ဟိုချီမင်းမြို့၌ကျင်းပရာ နိုင်ငံတကာကော်ဖီအဖွဲ့ (ICO) မှ ကိုယ်စားလှယ် ၁၅၀ ကျော် တက်ရောက်ခဲ့ပြီး၊ ဗီယက်နမ်ရှိ ကော်ဖီထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ တင်သွင်းခြင်းနှင့်တင်ပို့ခြင်းဆိုင်ရာ နယ်ပယ်များတွင် ပါဝင်သည့်နိုင်ငံများ၊ ကော်ပိုရေးရှင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ ဈေးကွက်ကျွမ်းကျင်သူများ တက်ရောက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသည် စီးပွားရေးလုပ်ငန်းများ အပြန်အလှန်ဖလှယ်ရန်၊ အကြံဉာဏ်များ ဖလှယ်ရန်၊ ချိတ်ဆက်ရန်နှင့် ကမ္ဘာ့တစ်ဝှမ်းရှိ ကော်ဖီထုတ်လုပ်သည့်နိုင်ငံများ၏ ကော်ဖီဈေးကွက်တွင် လက်ရှိထုတ်လုပ်မှုအခြေအနေနှင့် နောက်ဆုံးပေါ် ခေတ်ရေစီးကြောင်းများအကြောင်း သတင်းအချက်အလက်ဝေမျှရန်အတွက် ပလက်ဖောင်းတစ်ခုဖြစ်သည်။ တက်ရောက်သူများအနေဖြင့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဖိလစ်ပိုင်၊ သြစတြေးလျကဲ့သို့သောနိုင်ငံများ၏ ကော်ဖီဈေးကွက်နှင့်စားသုံးမှုအလားအလာတို့ကို လေ့လာနိုင်သည်။

ဆွေးနွေးပွဲတွင် ဗီယက်နမ်ကော်ဖီနှင့် ကိုကိုးအသင်း (Vicofa) ဥက္ကဋ္ဌ မစ္စတာငုယင်နမ်ဟိုင်က ၂၀၂၂-၂၀၂၃ ကော်ဖီသီးနှံသည် တောင်သူများနှင့်စီးပွားရေးလုပ်ငန်းရှင်များအတွက် စိန်ခေါ်မှုဖြစ်ကြောင်း၊ ကော်ဖီထုတ်လုပ်ခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ပံ့ပိုးပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း၊ သွင်းကုန်ပို့ကုန်လုပ်ငန်းအပါအဝင် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများသည် ယခုသီးနှံနှစ်အတွက် အားသာချက်များထက် အခက်အခဲများကို ပိုမိုဖန်တီးပေးခဲ့ကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များသည် ကော်ဖီ၏ထုတ်လုပ်မှုစွမ်းအား၊ အထွက်နှုန်းနှင့်အရည်အသွေးတို့ကို ထိခိုက်စေကြောင်း ဖော်ပြထားသည်။

ကမ္ဘာလုံးဆိုင်ရာ မက်ခရိုစီးပွားရေးပတ်ဝန်းကျင် အဆင်မပြေမှုကြောင့် ၂၀၂၂-၂၀၂၃ သီးနှံနှစ်တွင် ကမ္ဘာ့ကော်ဖီ တင်ပို့မှုကျဆင်းမည်ဟု မျှော်လင့်ရကြောင်း၊ အဓိကစီးပွားရေးလုပ်ငန်းများတွင် အတိုးနှုန်းမြင့်မားခြင်းနှင့် ငွေကြေးဖောင်းပွမှုတို့ကြောင့် လူနေမှုစရိတ်မြင့်မားခြင်း၊ ရေရှည်အသုံးပြုနိုင်မည့် ဝင်ငွေအဆင့်လျော့စေခြင်းတို့ဖြစ်ပေါ်စေကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ကော်ဖီသောက်သုံးမှုသည် အိတ်ပေါင်း ၁၇၈ ဒသမ ၅ သန်းသာရှိမည်ဟု ခန့်မှန်းထားပြီး ယခင်သီးနှံနှစ်နှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း ဖော်ပြထားသည်။

ရာသီဥတုဖောက်ပြန်ခြင်းနှင့် ပြင်းထန်သောရာသီဥတုဖြစ်စဉ်များသည် ကုန်ထုတ်စွမ်းအားနှင့်အရည်အသွေးကျဆင်းသွားစေခြင်းဖြင့် ကမ္ဘာ့ကော်ဖီထောက်ပံ့မှုကို သိသိသာသာသက်ရောက်မှုရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ယင်းဖြစ်ရပ်များသည် ကော်ဖီထုတ်လုပ်မှု ကျဆင်းသွားစေနိုင်ပြီး ကော်ဖီ၏အရည်အသွေးကို ထိခိုက်စေနိုင်ကြောင်း၊ အထွက်နှုန်းကျဆင်းမှုကြောင့်

ထောက်ပံ့မှု၊ ပြတ်တောက်မှုများဖြစ်ပေါ်လာနိုင်သဖြင့် စားသုံးသူများအတွက် ဈေးနှုန်းများမြင့်မားလာနိုင်ကြောင်း၊ ကော်ဖီလုပ်ငန်းမှလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများသည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ထားရန်လိုအပ်ကြောင်း ဖော်ပြထားသည်။

ဆွေးနွေးပွဲတွင် ဗီယက်နမ်ကော်ဖီနှင့် ကိုကိုးအသင်း (Vicofa)၏ ဒုတိယဥက္ကဋ္ဌနှင့် Intimex Group ၏ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ မစ္စတာဒိုဟာနမ်က နှစ်သစ်ကော်ဖီ ရိတ်သိမ်းရာသီနှင့်ပတ်သက်၍ နိုင်ငံကော်ဖီထွက်ရှိမှု၏ ၅ဝ ရာခိုင်နှုန်း သို့မဟုတ် ထို့ထက်မက ရိတ်သိမ်းပြီးဖြစ်ကြောင်း၊ သို့သော်လည်း အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရိတ်သိမ်းမှုနှောင့်နှေးမှုများနှင့်ကြုံတွေ့နေရပြီး အထွက်နှုန်းနည်းပါးကြောင်း၊ ရာသီဥတုဖောက်ပြန်ခြင်းနှင့် သီးနှံပြောင်းလဲခြင်းသည် ဒတ်လတ်နှင့် ဒတ်ခ်နောင်းကဲ့သို့သော ကော်ဖီအဓိကစိုက်ပျိုးသည့်ဒေသများတွင် ကော်ဖီစိုက်ပျိုးမှုကျဆင်းသွားစေကြောင်း၊ လယ်သမားများသည် ကော်ဖီအစား ဒူးရင်းသီးနှင့်ထောပတ်သီးကဲ့သို့သော အမြတ်အစွန်းများသောသီးနှံများကို စိုက်ပျိုးရန် ရွေးချယ်လာကြကြောင်း၊ ကော်ဖီတစ်ဟက်တာလျှင် အမြတ်ငွေ ဗီယက်နမ်ဒေါင် ၂ဝဝ သန်းခန့်ရရှိပြီး ထောပတ်သီးပင်သည် ဗီယက်နမ်ဒေါင် ၁-၁ ဒသမ ၅ ဘီလီယံအထိ ထုတ်ပေးနိုင်ကြောင်း၊ Mr. Do Ha Nam ၏ ပြောကြားချက်အရ သိရသည်။ သိသာထင်ရှားသော အမြတ်အစွန်းခြားနားချက်သည် တောင်သူများကို ကော်ဖီပင်များ ဆက်လက်စိုက်ပျိုးရေးအတွက် ဆွဲဆောင်ရန် ပိုမိုခက်ခဲစေသည်။

စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ဗီယက်နမ်၏ ကော်ဖီဧရိယာသည် လက်ရှိ ဟက်တာ ၇,ဝဝ,ဝဝဝ ရှိသော်လည်း လက်တွေ့တွင်မူ ဟက်တာ ၆,ဝဝ,ဝဝဝ ကျော်သာရှိနိုင်ကြောင်း မစ္စတာနမ်က ပြောကြားခဲ့သည်။ ထို့ကြောင့် ၂ဝ၂၃-၂ဝ၂၄ သီးနှံနှစ်တွင် ဗီယက်နမ်၏ ကော်ဖီအထွက်နှုန်းသည် တန်ချိန် ၁ ဒသမ ၆-၁ ဒသမ ၇ သန်းခန့်ရှိမည်ဖြစ်ပြီး ၂ဝ၂၂-၂ဝ၂၃ သီးနှံနှစ်တွင် တန်ချိန် ၁ ဒသမ ၇၈ သန်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ် လျော့ကျသွားဖွယ်ရှိကြောင်း သိရသည်။

ညီလာခံတွင် ပြည်တွင်းနှင့်နိုင်ငံတကာမှပညာရှင်များက ကမ္ဘာ့ကော်ဖီလုပ်ငန်းအတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုနှင့် စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှုလိုအပ်ကြောင်း အလေးပေးပြောကြားခဲ့ပါသည်။ ၂ဝ၂၃-၂ဝ၂၄ သီးနှံနှစ်အစမှစတင်၍ ကော်ဖီလုပ်ငန်းသည် EUDR (ဥရောပသမဂ္ဂရှိ သစ်တောပြုန်းတီးမှုနှင့် သစ်တောပြုန်းတီးမှုဆိုင်ရာ စည်းမျဉ်းများ) နှင့် CBAM (ကာဗွန်နယ်နိမိတ်ပြင်ဆင်ခြင်းကဲ့သို့သော စည်းမျဉ်းစည်းကမ်းများ) နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ရှင်းလင်းသော အစီအစဉ်ရှိရမည်ဖြစ်ကြောင်းနှင့် အဆိုပါ အစီအစဉ်များကို အကောင်အထည်ဖော်ခြင်းသည် ကော်ဖီလုပ်ငန်း၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို နည်းပါးအောင်ပြုလုပ်မည့် ကတိကဝတ်ကို သက်သေပြခြင်းဖြစ်ကြောင်း၊ အဆိုပါအဆင့်များကို အကောင်အထည်ဖော်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုအား ကာကွယ်ရန်ကြိုးပမ်းအားထုတ်မှုများကို အထောက်အကူပြုနိုင်ပြီး ကော်ဖီထုတ်လုပ်မှုအတွက် ရေရှည်တည်တံ့သော အနာဂတ်ကို အာမခံနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဗီယက်နမ်နိုင်ငံသည် နိုင်ငံတကာတွင် ကော်ဖီဈေးကွက် ခိုင်ခိုင်မာမာကိုရရှိထားသော်လည်း ပြည်ပသို့တင်ပို့မည့် ကော်ဖီပမာဏအား မိမိနိုင်ငံတွင် လုံလောက်အောင်ထုတ်လုပ်စိုက်ပျိုးရန် စိန်ခေါ်မှုအခြေအနေများနှင့် ကော်ဖီထုတ်လုပ်မှု ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများအား သိရှိနိုင်ပါရန် ရေးသားတင်ပြအပ်ပါသည်။

**Sources: Customs News,https://English.haiquanonline.com.vn**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/article/Naypyitawstp_150120240200

# STOCK EXCHANGE (16.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 16th Jan. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,323 (Shares) | 62,422,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 20 | 178,000 | 33,109,694 | 294,676 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,800 | 2,900 | 2,800 | 20,520 | 59,274,000 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 9 | 71,100 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 1,543 | 2,391,650 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 2 | 5,000 | 12,823,224 | 32,058 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 168 | 328,100 | 19,977,223 | 39,955 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 23 | 108,100 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 38 | 66,200 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 16th Jan. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.41 | +0.63 | +0.17% | 367.75 | 369.81 | 367.75 | 22,323 | 62,422,150 | 8 | 696,783 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 16th Jan. 2024

| Trading Volume | Trading Value |
|---|---|
| 22,323 (Shares) | 62,422,150 (MMK) |

### Main Board

As of 1:00 pm, 16th Jan. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,323 (Shares) | 62,422,150 (MMK) |

| MYANPIX | 369.41 ▲ 0.63 |
|---|---|
| Total Volume (shares) | 22,323 |
| Total Value (MMK) | 62 mil |
| Listed Company | 8 |
| Market Cap. (MMK) | 696,783 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 50 |